**မြန်မာ့အာမခံလုပ်ငန်း**
**သင်္ဘောသားအသက်အာမခံဌာန**
**သင်္ဘောသားအသက်အာမခံထားရှိလိုကြောင်းအဆိုလွှာ**

အာမခံလက်မှတ်အမှတ်-သသ/------------------------(       )

သင်္ဘောသားမှတ်ပုံတင်အမှတ်(C.D.C) ----------------------နှင့် နိုင်ငံကူးလက်မှတ်အမှတ်--------
ကိုင်ဆောင်သူ ကျွန်တော်ဦး-------------------------အသက်( )နှစ်သည် သင်္ဘောသားအသက်အာမခံ ကျပ်သိန်း (၅၀) (ကျပ်သိန်းငါးဆယ်တိတိ)ကို သင်္ဘောသားအသက်အာမခံလက်မှတ် စတင်ဝယ်ယူသည့်နေ့မှ တစ်နှစ်တိတိသက်တမ်းအတွက် ကျသင့်ပရီမီယံ ကျပ် ၂၅၀၀၀/-(ကျပ်နှစ်သောင်းငါးထောင်တိတိ)ဖြင့် ထားရှိလိုကြောင်းအဆိုပြုပါသည်။ အဆိုပါအာမခံ၏ အကျိုးခံစားခွင့်အား အာမခံပေါ်လစီပါ စည်းကမ်းချက်များနှင့်အညီ အောက်ဖော်ပြပါအမည်ပါရှိသူ/များကို ပေးမည်ဖြစ်ကြောင်း ကျွန်တော်၏ဆန္ဒအရ အဆိုပြုပါသည်။

| စဉ် | အမည် | နိုင်ငံသားမှတ်ပုံတင်အမှတ် | တော်စပ်ပုံ | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|
| | | | | | |

ကျသင့်ပရီမီယံကျပ် - ၂၅၀၀၀/-
သင်္ဘောသားအသက်အာမခံလက်မှတ်စတင်ဝယ်ယူသည့်နေ့ -------------------------------------
အကျိုးခံစားခွင့်ရှိသူ (      ) ဦး

(                              )
အဆိုပြုသူသင်္ဘောသားလက်မှတ်

အမှုထမ်းသည့်ကုမ္ပဏီအမည်------------------------------

သင်္ဘောအမည်နှင့်ရာထူး---------------------------------

ရက်စွဲ၊ ၂၀      ခုနှစ်၊ --------------------------------- လ ၊ ----------- ရက်။
ပရီမီယံကျပ် ၂၅၀၀၀/-ကိုလက်ခံရန် ထောက်ခံတင်ပြအပ်ပါသည်။

<u>လက်ထောက်မန်နေဂျာ</u>

<u>မန်နေဂျာ</u>

<u>လက်ထောက်အထွေထွေမန်နေဂျာ</u>

**<u>အကျိုးခံစားခွင့်အကျုံးဝင်စည်းကမ်းချက်များ</u>**

၁။ အာမခံထားသူသင်္ဘောသားသည် အာမခံသက်တမ်းအတွင်း အောက်ပါအကြောင်းများမှလွဲ၍ အခြားအကြောင်းများကြောင့် သေဆုံးခြင်းအတွက် တစ်ဖက်စာမျက်နှာပါ အကျိုးခံစားခွင့်ရှိသူသည် ဤအာမခံ၏အကျိုးခံစားခွင့်များကို ခံစားခွင့်ရှိသည်။

၂။ အာမခံထားသူသင်္ဘောသားသည် အာမခံသက်တမ်းအတွင်း သေဆုံးလျှင် အလောင်းရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ အကျိုးခံစားခွင့်ရှိသူသည် အဖြစ်အပျက်သတင်းရရှိသည်မှ တစ်လအတွင်း မြန်မာ့အာမခံလုပ်ငန်းသို့ သတင်းပေးပို့ရမည်။ နောက်ကျသတင်းပို့တောင်းခံလာသော အမှုတွဲများအား ဒဏ်ကြေး ၁၀% ဖြတ်တောက်မည်ဖြစ်သည်။

**<u>အကျိုးခံစားခွင့် အကျုံးမဝင်စည်းကမ်းချက်များ</u>**

၁။ (က) အာမခံထားသူသင်္ဘောသားသည် သင်္ဘောမှထွက်ပြေးခြင်း။

(ခ) မူးယစ်ဆေးဝါးသုံးစွဲခြင်း (သို့မဟုတ်) မိမိကိုယ်ကိုသတ်သေခြင်း၊ (သို့မဟုတ်) မိမိကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်းကြောင့် သေဆုံးခြင်း။

**<u>အထွေထွေ</u>**

၂။ နိုင်ငံခြားတွင် တစ်နှစ်ထက်ပို၍ တာဝန်ထမ်းဆောင်သူများသည် မိမိဝယ်ယူထားသည့် သင်္ဘောသား အာမခံလက်မှတ်သက်တမ်း(၁)နှစ်မကုန်မီ SECD သို့ဆက်သွယ်၍ သက်တမ်း(၁)နှစ်ထပ်တိုးထားရှိနိုင်ပါသည်။

(က) သင်္ဘောသားအသက်အာမခံသက်တမ်းသည် အာမခံလက်မှတ် စတင်ဝယ်ယူသောနေ့မှစ၍ (၁)နှစ်တိတိဖြစ်သည်။ အာမခံလက်မှတ်ဝယ်ယူပြီးနောက် သင်္ဘောမတက်နိုင်ခဲ့သော် မြန်မာနိုင်ငံတွင်ရှိနေသော ကာလအတွက် အာမခံအကာအကွယ်ရရှိမည်။ မည်သည့်အကြောင်းနှင့်မျှ ပရီမီယံပြန်အမ်းမည်မဟုတ်ပါ။

(ခ) အာမခံလက်မှတ်ဝယ်ယူပြီး သင်္ဘောမတက်ဖြစ်သူသည် အာမခံသက်တမ်း ကုန်ခါနီးအချိန်မှ သင်္ဘောတက်ရောက်ခွင့်ရပါက၊ မူလလက်မှတ်သက်တမ်း ပြည့်သည့်နေ့၏နောက်နေ့မှစ၍ နောက်ထပ်သက်တမ်း(၁)နှစ် ထပ်မံဝယ်ယူနိုင်ခွင့်ရှိသည်။

(ဂ) တည်ဆဲမြန်မာ့အာမခံလုပ်ငန်းဥပဒေအရ၊ အာမခံထားသူသေဆုံးရာတွင် အလောင်းမရရှိပါ က (၂)နှစ်ဆိုင်းငံ့ပြီးမှ အကျိုးခံစားခွင့်ရရှိမည်ဖြစ်သည်။

(ဃ) သင်္ဘောတွင် တစ်နှစ်ထက်ပို၍ တာဝန်ထမ်းဆောင်နေရသဖြင့် သက်တမ်းတိုးရာတွင် သင်္ဘောကုမ္ပဏီနှင့် အကျိုးခံစားခွင့်ရှိသူတို့မှ သင်္ဘောသားကျန်းမာစွာဖြင့် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း ထောက်ခံချက်ပါရှိရမည်။ သို့ရာတွင် ပရီမီယံပေးသွင်းပြီးဖြစ်စေကာမူ အထက်ပါ စည်းကမ်းချက်များနှင့်မညီညွတ်လျှင် အာမခံပျက်ပြယ်ပြီးဖြစ်သည်။ သက်တမ်းတိုးအာမခံ လက်မှတ်သက်တမ်းသည် မူလအာမခံလက်မှတ်၏သက်တမ်းကုန်ဆုံးပြီး နောက်တစ်နေ့မှစတင်မည်ဖြစ်သည်။ သက်တမ်းတိုးအာမခံသက်တမ်းမစမီ မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိနေပါက သက်တမ်းတိုးအာမခံသက်တမ်းသည် နောက်တစ်ကြိမ် သင်္ဘောသားအသက်အာမခံ လက်မှတ် စတင်ဝယ်ယူသည့်နေ့မှစတင်မည်ဖြစ်သည်။

(င) အထက်ဖော်ပြပါ စည်းကမ်းချက်များနှင့်ညီညွတ်မှုမရှိပါက၊ လျော်ကြေးပေးချေခြင်းကို ငြင်းပယ်သည်အထိ အရေးယူခြင်းခံမည်။